## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ (၁၈-၆-၂၀၂၆)

## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်က** မြန်မာပြည်အနှံ့ တရားမဝင် အွန်လိုင်းစလော့ဂိမ်း လောင်းကစားပြန့်ပွားနေမှုကို မည်သို့ တားဆီး နှိမ်နှင်းရန် စီမံထားသည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီကို ဖွဲ့စည်း၍ ပြည်ပနိုင်ငံအစိုးရများ နှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့်လည်း တားဆီးအရေးယူဆောင်ရွက်လျက် ရှိကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးဝင်းဌေး၊ လယ်ဝေးမဲဆန္ဒနယ်က** လယ်ဝေးမြို့နယ်ရှိ ကျေးရွာခွဲ (၂၆)ရွာသည် တရားမဝင်ကျေးရွာများကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ တရားဝင်အမည်ပေါက်စာရင်းတွင် စိစစ်သတ်မှတ် ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** ကျေးရွာ ၂၆ ရွာ သည် သစ်တောမြေနှင့် မြေလွတ် မြေရိုင်းအတွင်း ကျရောက်နေပါသဖြင့် သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်မိန့် နှင့်မြေလွတ်မြေရိုင်း အသုံးပြုခွင့် ခွင့်ပြုမိန့်များရရှိမှသာလျှင် အမိန့်ကြော်ငြာ စာထုတ်ပြန် သတ်မှတ်ထားသော ကျေးရွာများအဖြစ် ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၃။ | **ဒေါ်သန်းသန်းအေး၊ သဃ်ာန်းကျွန်းမဲဆန္ဒနယ်က** လူမှုကွန်ယက်အမျိုးမျိုးအား အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် မမှန်သတင်းဖြန့်ချိနေသူများကို ဖော်ထုတ်အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် အနာဂတ်ဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများ တင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ်ဥပဒေကြောင်းအရ တားမြစ် အရေးယူဆောင်ရွက်နိုင်ရေး ကော်မတီအနေဖြင့်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ၂၄ နာရီ စောင့်ကြည့်ခြင်း၊ သတင်းတု၊ သတင်းမှားများစိစစ်၍ တန်ပြန်ဆောင်ရွက်ခြင်း၊ တယ်လီဖုန်းနံပါတ်နှင့် ဘဏ်အကောင့် မှတ်တမ်းများကို ပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဦးဝင်းနိုင်၊ ပုသိမ်ကြီးမဲဆန္ဒနယ်က** တရားဥပဒေစိုးမိုးရေးအတွက် မူဝါဒများ၊ အစီအမံများ၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပညာပေး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပေးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာနက** မှုခင်းကျဆင်းရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန် နေပြည်တော် အပါအဝင်မြို့ကြီးများ၏ အချက်အချာကျသောနေရာများ၌ CCTV ကင်မရာများဖြင့် ၂၄ နာရီ စောင့်ကြည့်လျက်ရှိပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက် Operation 42 ဖြင့် တပ်မတော်နှင့်မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅။ | **စိုင်းစိန်ဝင်း၊ လဲချားမဲဆန္ဒနယ်က** မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ (၄၄) မိုင်ခန့်သည် လမ်းများပျက်စီးပြီး ကျဉ်းနေသဖြင့် လမ်းအကျယ် (၁၈)ပေခန့် ချဲ့ပေးရန်၊ လဲချားမြို့တွင်း (၂) မိုင်ခန့်အား နိုင်လွန်ကတ္တရာ အဖြစ် အဆင့်မြှင့်ပေးပါရန်၊ လဲချားမြို့နှင့် ပင်လုံမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းတွင် လဲချားမြို့နယ်ပိုင်း (၁၃) မိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်လုံ လောက်စွာချပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ လမ်းပိုင်းအား ယခုနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်ပြီး ၁၈ ပေ လမ်းချဲ့ခြင်းလုပ်ငန်းအား နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လဲချားမြို့တွင်း (၂) မိုင်အား နိုင်လွန်ကတ္တရာလမ်းခင်းပြီးဖြစ်ကြောင်းနှင့် လဲချားမြို့နယ်ပိုင်း (၁၃) မိုင်အား ဘဏ္ဍာနှစ်အလိုက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးစိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်က** မိုးနဲမြို့နယ်၊ နမ့်တိန် ချောင်းကူး တံတားဟောင်းနေရာတွင် သံကူကွန်ကရစ်တံတားအား မည့်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရေလည် သစ်သားတိုင်စင်များ အစားထိုးခြင်းနှင့် သစ်သားကြမ်းခင်းများကို အစားထိုး လဲလှယ်သွားမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ခြင်း အားရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဒေါက်တာနန္ဒာလှမြင့်၊ ကလောမဲဆန္ဒနယ်က** ဘော်ဆိုင်းကျေးရွာ အုပ်စုမှ ဟဲဟိုးမြို့သို့အထွက် အကျယ်(၁၂)ပေ၊ အရှည် (၁၉)မိုင်ခန့် ရှိသော ကတ္တရာလမ်းမှာ ပျက်စီးနေသောကြောင့် အဆိုပါလမ်းအား အကျယ် (၁၈)ပေရှိသည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်းမေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုနှစ်တွင် ကတ္တရာလမ်းချဲ့ရန် ဒုအခြေခံလွှာချဲ့ခင်းခြင်းနှင့် လမ်းပခုံးပြုပြင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား ပြည်နယ်ဘဏ္ဍာငွေရရှိမှု အပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဒေါ်ကြူကြူမော်၊ သာစည်မဲဆန္ဒနယ်က** သာစည်မြို့တောင်ဘက် သာစည်- ညောင်ရမ်းလမ်းပေါ်ရှိ အရှည်(၁၂၀)ပေ၊ အကျယ် (၁၈)ပေရှိ ပျက်စီးနေသော ဉာဏ်ကန်သစ်သားတံတားအား သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ဉာဏ်ကန်တံတားအောက်ထည် သံပေါင်ယက်မများ ကွဲခိုင်မှုရှိနေ၍ တံတားအပေါ် ထည်ကြမ်းခင်းနှင့် လက်ရန်းများ အစားထိုး လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သံကူကွန်ကရစ် တံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ရန်ပုံငွေခွဲဝေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |